# မာတိကာ


| | | |
|---|---|---|
| ၁။ | မင့်အပေါ်မှာ ကပ်ငြိတွယ် | ၂ |
| ၂။ | ဘုရင်မကြီး၏ မွေးနေ့ကြေးနန်းစာ | ၂၈ |
| ၃။ | နွာမြင့်ဗိနှပ် | ၃၉ |
| ၄။ | ဘလိုင်းဒိတ် | ၆၃ |
| ၅။ | ဆန္ဒကြီးတော့ . . . | ၇၁ |
| ၆။ | နှစ်ဖက်ခွ နှစ်ပင်လိမ် | ၁၀၀ |
| ၇။ | ရှင်သန်ကာ လွတ်မြောက်နေလိမ့်မယ် | ၁၂၆ |
| ၈။ | မြင်တတ်လေသည့် ထိုမျက်စိ | ၁၄၇ |
| ၉။ | သံတမန် မဆန်သော သံတမန် | ၁၆၉ |
| ၁၀။ | အိုင်းရစ်လူမျိုး၏ ကုသိုလ်ကံ | ၂၀၃ |
| ၁၁။ | ဟိုတယ်မှာ အခန်းအားမရှိတော့ | ၂၂၅ |
| ၁၂။ | နိုင်ငံရေးအရ မှန်ကန်သည် | ၂၄၃ |
| ၁၃။ | နတ်ဆိုးက ပိုလို့သိမြင် | ၂၇၀ |
| ၁၄။ | မျိုးရိုးဗာတ်ကို စွန့်လို့ခွာ | ၂၈၈ |


◆◆◆

## မိတ်ဆက်စကား

ညီညီမေ(ဘန်ကောက်)ပြန်ဆိုရေးဖွဲ့ထားသော ဤစာအုပ်တွင် ဝတ္ထု (၁၄) ပုဒ်ပါဝင်သည်။ အားလုံးလိုလိုပင် အလှည့်အပတ် အကွေ့အကောက်များဖြင့် တန်ဆာဆင်ထားသည့် စိတ်ဝင်စားဖွယ်ရာ ဝတ္ထုများဖြစ်ပါသည်။ စာဖတ်သူအား ဇာတ်လမ်းနှင့်အတူ လိုက်ပါစီးမျောလျက် အတွေးမွှားမိစေသော စာစုများဖြစ်သည်။

'မင်းအပေါ်မှာ ကပ်ငြိတွယ်' ဟူသော ဇာတ်လမ်းတွင် ချောမောလှပသော 'အာရုဗယ်လာက' က တော်ဝင်သွေး အင်္ဂလိပ်မလေး။ အမိုးထိုက် အမိုးတန် အဝတ်အစား အသုံးအဆောင်များကိုသာ သုံးစွဲတတ်ပြီး အသုံးအဖြုန်းကြီးသူ အပေါင်းအသင်းများသူ။ အထက်တန်းကျကျ ဝတ်စားနေထိုင်နိုင်ရန်အတွက် သူ့ကို စိတ်ဝင်စားပြီး သူနိုင်သလိုရမည့် ပုရိသများအား ဆွဲဆောင်သိမ်းသွင်းကာ De Beers ကဲ့သို့သော နာမည်ကြီး စိန်တိုက်များမှ တန်ဖိုးမြင့် စိန်ထည်များကို ခိုးယူရန် အကွက်ကျကျစီစဉ်ပေးကာ ခိုးယူစေသူဖြစ်၏။ စိန်တိုက်၏ အတွေ့အကြုံရင့် လုံခြုံရေးများကို လှည့်စားကာ စိန်ထည်ခိုးထုတ်သွားပုံကို စိတ်လှုပ်ရှားစရာ ကောင်းလောက်အောင် ပြန်ဆိုရေးဖွဲ့ထားသည်။

'နွာမြင့်ဗိနှပ်' ဝတ္ထုတွင် အလန်ပန်းဒို(လ်ဒ်)က အာမခံကုမ္ပဏီကြီး တစ်ခု၏ 'ဆုံးရှုံးမှုညှိယူသူ' ဝန်ထမ်းတစ်ဦး။ သူကြိုးကြပ်ရေးမှူး ခွင့်သွားနေစဉ် လိုမက်(စ်)ကုမ္ပဏီ 'ဓိုးလောင်မှု' ဖြစ်လာရာ သူဦးဆောင်ညှိနှိုင်းရမည့်ကိစ္စဖြစ်လာသည်။ အမှုက 'ပေါင်လေးသန်း' လျော်ပေးရမည့် အာမခံမှုဖြစ်သည်။ မီးလောင်ပြင်သို့ သူကိုယ်တိုင်သွားရောက်ကြည့်သော်လည်း ရှိုးဖိနပ်ကြောင်း ဘာအထောက်အထားမှ မတွေ့ခဲ့။ သူ့ဇနီးနှင့်စကား စပ်မိရာမှ သူ့ဇနီးသည် လိုမက်(စ်)ကုမ္ပဏီမှ ထုတ်လုပ်သော ဖိနပ်ကို စီးလေ့ဖြစ်ကြောင်းနှင့် လိုမက်(စ်) ဖိနပ်များ၏ ထူးခြားချက်ကို သိလာပြီး ယင်းမီးလောင်မှုသည် ရှိုးဖိနပ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည့် စိတ်ဝင်စားစရာဇာတ်လမ်းဖြစ်ပါသည်။

'နတ်ဆိုးက ပိုလို့သိမြင်' အမည်ရှိ ဇာတ်လမ်းလေးကို တစ်မျိုးတစ်ဘာသာ ဆန်းသစ်သော အတွေးဖြင့် ရေးဖွဲ့ထားသည်။ လန်ဒန်မြို့ရှိ ဘဏ်ကြီးတစ်ခု၏ ဥက္ကဋ္ဌသည် ယခုအခါ ကင်ဆာရောဂါဖြစ်လျက်ရှိပြီး သူ၏ ဆရာဝန်က (၂) နှစ်၊ (၃) နှစ်ထက် ပိုမနေရတော့ဟု မှတ်ချက်ချထားခံရသည်။ သူသည် ယခင်က တံခါးစောင့်လုလင်ကလေးဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်များကို ကျော်ခွတက်နင်းကာ ဥက္ကဋ္ဌကြီးဘဝသို့ ရောက်လာခဲ့သူဖြစ်၏။ လုပ်ဖော်ကိုင်ဖက်အားလုံးက ဥက္ကဋ္ဌကြီးကို မုန်းကြောက်ကြီးဖြစ်နေကြ၏။ သူ မကျန်းမာကြောင်း သတင်းကြားကြသောအခါ ဥက္ကဋ္ဌကြီးရာထူးမှ ထွက်ပေးဖို့ ဝိုင်းဝန်းကြံစည်ကြ၏။ ထိုအခါ ဥက္ကဋ္ဌကြီးက နတ်ဆိုးတစ်ပါး၏ အကူအညီဖြင့် တံခါးစောင့် လုလင်လေးရော(ဒ်)နှင့်နှင့် လူချင်း ဘဝချင်းလဲရန် ကြံစည်ပြုလုပ်ခဲ့ရာမှ ကြုံတွေ့ရပုံများကို ဆန်းသစ်သော စိတ်ကူးစိတ်သန်းဖြင့် ရေးသားထားသည်။

ဤစာအုပ်ပါ ဝတ္ထု(၁၄)ပုဒ်လုံးသည် သူ့နည်း၊ သူ့ဟန်နှင့် သူစိတ်ဝင်စားစရာ ရသကို ပေးစွမ်းနိုင်ကြသဖြင့် ဖတ်ပျော်သော စာအုပ်တစ်အုပ်ဟု ဆိုရပေမည်။

ဆရာမညီညီမေသည် ဘန်ကောက် Assumption တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကထိကတစ်ဦးဖြစ်ပါသည်။ အင်္ဂလိပ်ဝတ္ထုများကို နှံ့မင်နှစ်သက်စွာဖတ်ရှင်း၊ သူအကြိုက်တွေ့သော ဝတ္ထုတိုများကို မြန်မာစာဖတ်ပရိသတ်အား ဝေမျှလိုသောစိတ်ဖြင့် ဘာသာပြန်ထုတ်ဝေခြင်းဖြစ်ပါသည်။ သူ့စေတနာကြောင့် ဖြစ်ပေါ်လာသော ဤစာအုပ်သည် စာဖတ်သူအား ကျေနပ်စရာအသိတစ်ခုကို ရရှိစေလိမ့်မည် မျှော်လင့်ယုံကြည်ပါသည်။

**ကောင်းသန့်**

၄၊၁၂၊၂၀၀၃